## ချင်းအမျိုးသားညီလာခံဘုံသဘောတူညီချက်များအကောင်အထည်ဖော် ရေးပေါင်းစပ်ညှိနှိုင်းမှုကော်မတီ

## ထုတ်ပြန်ချက်

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်

၁။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ၊ ခမရ ၃၈၉ လက်အောက်ခံ တပ်ဖွဲ့များက ကချင်လွတ်လပ်ရေးအဖွဲ့၊ ဗိုလ်လောင်းသင်တန်းကျောင်းအား အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ချင်းအမျိုးသားတပ်ဦးမှ အရာရှိလောင်းနှစ်ဦးအပါအဝင် အဖွဲ့အစည်းအသီးသီး မှ အရာရှိလောင်း ၂၃ ဦးကျဆုံးခဲ့ပြီး၊ ၂၀ ဦး ထိခိုက်ဒါဏ်ရာရရှိခဲ့ကြောင်း သိရှိရသဖြင့် မိမိတို့အနေဖြင့် အထူးတုန်လှုပ်ခြောက်ခြားကာ ဝမ်းနည်းကြေကွဲမိပါသည်။

၂။ ယခုအချိန်သည် လက်နက်ကိုင်တိုက်ခိုက်ခြင်းနည်းလမ်းအစား နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်းနည်းလမ်း ကို အသုံးပြုကာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ပိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်နေချိန်ဖြစ်ပါသည်။ သို့ဖြစ်သော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးဆွေးနွေးမှုမှာ လိပ်ခဲတည်းလည်းဖြစ်နေဆဲရှိရာ၊ ထိုအချိန်တွင် ယခုကဲ့သို့ မြန်မာ့တပ်မတော်လက်အောက်ခံ တပ်ဖွဲ့တစ်ခုမှ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းတစ်ခု ၏ သင်တန်းကျောင်းတစ်ခုသို့ အဆင်ခြင်မဲ့ပစ်ခတ်တိုက်ခိုက်မှုသည် အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေ နိုင်သည့် အဖျက်သဘောဆောင်သောလုပ်ရပ်ဖြစ်ကြောင်း မိမိတို့အနေဖြင့် သုံးသပ်ပါသည်။

၃။ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကြိုးပမ်းဆောင်ရွက်မှုကို ထိခိုက်နှောင့် နှေးမှုဖြစ်စေနိုင်သည့် မည်သည့်အကြမ်းဖက်လုပ်ရပ်မျိုးကိုမဆို မိမိတို့အနေဖြင့် အပြင်းအထန်ရှုတ်ချ ပါသည်။

၄။ မြန်မာ့တပ်မတော်ခေါင်းဆောင်များအနေဖြင့် လက်ရှိဆောင်ရွက်ဆဲ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းစဉ်ကိုလိုလားကြောင်းဖော်ပြသည့်အနေဖြင့် အထက်ပါဖြစ်ရပ်ကိုကျူးလွန်သောတပ်ဖွဲ့နှင့်အဆင့်ဆင့် အုပ်ချုပ်မှုတို့အား ပွင့်လင်းမြင်သာစွာဖြင့် ပြတ်ပြတ်သားသား စစ်ဆေးအရေးယူပေးရန် အလေးအနက် တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

၅။ မိမိတို့၏ အရာရှိလောင်းများကျဆုံး/ဒါဏ်ရာရခဲ့ကြသည့် တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုရှေးရှု၍ လက်ရှိဆောင်ရွက်ဆဲ တစ်နိုင်ငံ

လုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးနိုင်ရေးကိုသာ ဆက်လက်အာရုံစိုက်ဆောင်ရွက်ပေးကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန် - ဆလိုင်းအောင်မင်းလှိုင် (သဘာပတိ၊ ဖုံး - ၀၉ ၅၀၄ ၃၇၀၉)

ဆလိုင်းအိုက်ဇက်ခင် (ညှိနှိုင်းရေးမှူး၊ ဖုံး - ၀၉ ၄၅၀ ၀၃၅ ၈၈၅)

ဆလိုင်းကျဲအိုဘိခ်ထောင်း( အဖွဲ့ဝင်၊ ဖုံး - ၀၉ ၄၃၀ ၉၄ ၀၈၇)

**မှတ်ချက်။** ချင်းအမျိုးသားညီလာခံ ဘုံသဘောတူညီချက်များအကောင်အထည်ဖေါ်ရေးပေါင်းစပ်ညှိနှိုင်းမှုကော်မတီသည် ၂၀၁၃ခုနှစ် ချင်းအမျိုးသားညီလာခံမှ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သောကော်မတီဖြစ်ပြီး၊ ချင်းနိုင်ငံရေးပါတီများ၊ ချင်းအမျိုးသားတပ်ဦး၊ ချင်းအရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ချင်းဘာသာရေးအဖွဲ့အစည်းများ၊ ချင်းလူငယ်အဖွဲ့အစည်းစသည်တို့မှ စေလွှတ်သည့်ကိုယ်စားလှယ်များနှင့် ချင်းတတ်သိပညာရှင်များဖြင့်ဖွဲ့စည်းထားသောကော်မတီဖြစ်ပါသည်။